MYANMAR ORIENTAL BANK

Dai-ichi Life
ထာဝရသင့်နှင့်အတူ

# မြန်မာအရှေ့တိုင်းဘဏ် (MOB) နှင့် Dai-ichi Life Insurance Myanmar ကုမ္ပဏီ တို့ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းအား ကြေညာခြင်း

**Dai-ichi Life Insurance Myanmar မှ မြန်မာအရှေ့တိုင်းဘဏ် (MOB) ၏ ဝန်ဆောင်မှုများကို ဆက်သွယ် အသုံးပြုဆောင်ရွက်နေသူများအား အသက်အာမခံလုပ်ငန်းဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် MOB ဘဏ်နှင့်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ အသက်အာမခံဝန်ဆောင်မှုများကို ရန်ကုန်မြို့ရှိ MOB ဘဏ်ခွဲများတွင် စတင်ပေးအပ်နေပြီ ဖြစ်ပါသည်။**

---

**ရန်ကုန်၊ ၂၇ ဇူလိုင် ၂၀၂၂** – ဂျပန်နိုင်ငံ၏ ထိပ်တန်းအသက်အာမခံလုပ်ငန်းတစ်ခုဖြစ်သော Dai-ichi Life Group ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Dai-ichi Life Insurance Myanmar (Dai-ichi Life) ကုမ္ပဏီ နှင့် မြန်မာအရှေ့တိုင်းဘဏ် (MOB) သည် ယမန်နှစ် အစောပိုင်းတွင် မဟာဗျူဟာမြောက် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ရေးထိုးခဲ့ပြီးနောက် ထိုသဘောတူညီချက်အရ ရန်ကုန်မြို့ရှိ MOB ဘဏ်ခွဲ (၁၄) ခုတွင် အသက်အာမခံလုပ်ငန်း နှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို စတင်ပေးအပ်လျက်ရှိပါသည်။

အဆိုပါ သဘောတူညီချက်အရ မြန်မာနိုင်ငံ၏ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် MOB ဘဏ်၏ လုပ်ငန်းလည်ပတ်ရာ လမ်းကြောင်းအသီးသီးမှတဆင့် အသက်အာမခံထုတ်ကုန်အမျိုးမျိုးကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ယခုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် MOB ဘဏ် ၏ ၂၈ နှစ် ကျော်သက်တမ်းရှိ ရှည်ကြာခိုင်မာသည့် သုံးစွဲသူဦးစားပေးမှုနှင့် ကောင်းမွန်သည့် ဖွဲ့စည်းအုပ်ချုပ်မှုတို့နှင့်အတူ Dai-ichi Life ၏နိုင်ငံတကာအဆင့်မီ အာမခံဝန်ဆောင်မှုများ နှင့် လုပ်ငန်းအတွေ့အကြုံများဖြင့် မြန်မာလူမှုအဖွဲ့အစည်းထံသို့ ငွေကြေးလုံခြုံစိတ်ချမှု ကိုပေးနိုင်ရန်နှင့် အသက်အာမခံလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်များ ခိုင်မာလာစေရန်ယုံကြည်စိတ်ချရသည့် ဝန်ဆောင်မှုများကို ဖန်တီးသယ်ဆောင်လာမည်ဖြစ်ပါသည်။ ယခုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့်အတူ MOB ၏ ဝန်ဆောင်မှုများကိုဆက်သွယ်အသုံးပြုဆောင်ရွက်နေသူများသည် ယခုအခါတွင်ရန်ကုန်မြို့ရှိ MOB ဘဏ်ခွဲများတွင် အသက်အာမခံနှင့် ငွေကြေးဆိုင်ရာ အကြံဉာဏ် ဗဟုသုတများ ရရှိနိုင်မည်ဖြစ်သည်။ Dai-ichi Life သည် နိုင်ငံတစ်ဝှမ်းရှိ MOB ဘဏ်ခွဲများတွင် အသက်အာမခံ ဝန်ဆောင်မှုများကို လျင်မြန်စွာ တိုးချဲ့လျက်ရှိသည်။ Dai-ichi Life သည် MOB ဘဏ်ခွဲအားလုံးရှိ သုံးစွဲသူကဏ္ဍ အသီးသီးအတွက်ရောက်ရှိနေမည် ဖြစ်သောကြောင့် ယင်းသုံးစွဲသူများ၏အနာဂတ်အတွက် ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်ရေးဆွဲနိုင်ရန်၊ ဘဏ္ဍာရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှု များနှင့် အသက်အာမခံပေါ်လစီများ ကို ရရှိနိုင်မည်ဖြစ်သည်။

Dai-ichi Life ၏ အမှုဆောင်အရာရှိချုပ် ဒေါ်ဓာခြည်တင် မှ “ကျွန်မတို့ Dai-ichi Life အနေနဲ့ MOB ဘဏ် နဲ့ အတူလက်တွဲပြီး လုပ်ငန်းလုပ်ဆောင်ရတာဟာ Dai-ichi Life Group အတွက် အရေးပါတဲ့ခရီးတစ်ခုပါ။ ကျွန်မတို့ရဲ့ ''ထာဝရ သင်နှင့်အတူ'' ဆိုတဲ့ Dai-ichi Life Groupရဲ့ ရည်မှန်းချက်အတိုင်း မြန်မာပြည်သူများအတွက် ရေရှည်ငွေကြေးလုံခြုံမှုရရှိစေမည့် အသက်အာမခံများကို ပံ့ပိုးပေးနိုင်ဖို့အတွက် MOB ဘဏ်နှင့်အတူ လက်တွဲပူးပေါင်း လုပ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။” ဟု ပြောကြားခဲ့ပါသည်။

မြန်မာအရှေ့တိုင်းဘဏ် (MOB) ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါ်ကြည်ကြည်သန်းမှ “အခုလို MOB နှင့် Dai-ichi Life တို့နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် MOB ၏ ဝန်ဆောင်မှုများကို ဆက်သွယ်အသုံးပြုဆောင်ရွက်နေသူများ သာမက မြန်မာပြည်သူပြည်သားများ၏ ရေရှည်ဘဝလုံခြုံမှု ရှိစေမည့် အသက်အာမခံများကို များစွာပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။” ဟု ပြောကြားခဲ့ပါသည်။

## Dai-ichi Life Group & Dai-ichi Life Insurance Myanmar အကြောင်း

Dai-ichi Life Insurance Myanmar (Dai-ichi Life) သည် ဂျပန်နိုင်ငံမှ ထိပ်တန်း အသက်အာမခံလုပ်ငန်းစုဖြစ်သည့် Dai-ichi Life Group ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည်။ Dai-ichi Life Group သည် နိုင်ငံပေါင်း (၉) နိုင်ငံ ရှိ သုံးစွဲသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ရေရှည်ငွေကြေးဆိုင်ရာ အကာအကွယ်နှင့် အသက်အာမခံဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်မှာ နှစ်ပေါင်း (၁၂၀) နှစ်ရှိပြီဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် Dai-ichi Life သည် ၎င်းတို့၏ကမ္ဘာ့အဆင့်မီ အသက်အာမခံဝန်ဆောင်မှုကို မြန်မာနိုင်ငံသူနိုင်ငံသားများထံသို့ ယူဆောင်လာရန် တရားဝင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရရှိခဲ့သည်။ Dai-ichi Life Group ၏ “People First” ခံယူချက်ဖြင့် Dai-ichi Life Insurance Myanmar ကို မြန်မာနိုင်ငံသို့ ရောက်ရှိစေခဲ့ပြီး ၎င်းတို့၏ဒေသတွင်းနှင့်နိုင်ငံတကာ အရည်အချင်း တို့ကိုပေါင်းစပ်ကာ Dai-ichi Life ၏ နှစ်ပေါင်း (၁၂၀) နှစ်ရှိ လုပ်ငန်းအတွေ့အကြုံနှင့်အတူ ဒေသခံလူမှုအဖွဲ့အစည်းအတွက် အဓိပ္ပာယ်ပြည့်ဝသည့် အကျိုးသက်ရောက်မှုကို ဖန်တီးရန် ရည်ရွယ်ပါသည်။

Dai-ichi Life သည် "ထာဝရသင်နှင့်အတူ" ဆိုသည့် ကုမ္ပဏီ၏ရည်မှန်းချက်နှင့်အတူ အသက်အာမခံဝန်ဆောင်မှုများ ကို ဒေသခံလူမှုအသိုက်အဝန်းထံသို့ ယူဆောင်လာပေးခြင်းဖြင့် မြန်မာပြည်သူများ စိတ်အေးချမ်းသာမှုနှင့် ကောင်းမွန်သည့် ဘဝအရည်အသွေးကို မြှင့်တင်ရန် ကတိပြုပါသည်။

## မြန်မာအရှေ့တိုင်းဘဏ် (MOB) အကြောင်း

မြန်မာအရှေ့တိုင်းဘဏ် (MOB) သည် ၁၉၉၃ ခုနှစ် မှစတင်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ အပ်ငွေများလက်ခံခြင်း၊ လုပ်ငန်းသုံးချေးငွေများထုတ်ချေးခြင်း၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ၊ ယုံကြည်အပ်နှံမှုလုပ်ငန်း

များနှင့် အီလက်ထရောနစ်ငွေကြေးဝန်ဆောင်မှုများကို မြန်မာနိုင်ငံတစ်ဝှမ်းဘဏ်ခွဲပေါင်း (၄၈) ဘဏ်တွင် ထိရောက်၍ ယုံကြည်စိတ်ချရသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။ မြန်မာအရှေ့တိုင်းဘဏ် (MOB) သည် ပြည်တွင်း ဘဏ်လုပ်ငန်းများသာမက ကမ္ဘာတစ်ဝှမ်းရှိ ဘဏ်ပေါင်း (၅၈)ခုနှင့် ကောင်းမွန်သည့် လုပ်ငန်းဆက်ဆံရေးများ ထူထောင်လျက် နိုင်ငံတကာ စီးပွားရေးကွန်ရက်တစ်ခုကို တည်ဆောက်ပြီး နိုင်ငံတကာဘဏ် လုပ်ငန်းဝန်ဆောင်မှုများ ကို ပေးလျက်ရှိပါသည်။

မြန်မာအရှေ့တိုင်းဘဏ် (MOB) သည် အဓိကဘဏ်လုပ်ငန်းအပြင်လုပ်ငန်းခွဲတစ်ခုဖြစ်သော Oriental Leasing Company Limited (OLCL) ကို ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာပြည်သူပြည်သားများအတွက် ငွေရေးကြေးရေး ၏ အဆင်ပြေချောမွေ့စေရန် ငွေကြေးဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာအရှေ့တိုင်းဘဏ် (MOB) သည် ဘဏ်၏ရည်မှန်းချက်တစ်ခုဖြစ်သည့် MOB ၏ ဝန်ဆောင်မှုများကို ဆက်သွယ် အသုံးပြုဆောင်ရွက်နေသူများ၏ ငွေရေးကြေးရေး လိုအင်ဆန္ဒများ၊ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သောဘဏ်တစ်ခုအဖြစ် အစဉ်အမြဲ ကြိုးစားလျက်ရှိပါသည်။

---